

# နေအိမ်ပြင်ပ ကြော်ငြာလုပ်ငန်း Out-Of-Home display အတွက် ချမှတ်ထားသော ကျင့်ဝတ်စည်းမျဉ်း

ဇူလိုင် ၂၀၂၂

JCDecaux



# မာတိကာ


၁ အမှုဆောင်ဘုတ်အဖွဲ့၏ အမှာစကား

၂ နိဒါန်း

၃ ကျင့်ဝတ်စည်းမျဉ်း - ရည်ရွယ်ချက်နှင့် ကျင့်သုံးရန် အကျုံးဝင်မှုနယ်ပယ်

၁) ရည်ရွယ်ချက်

၂) ကျင့်သုံးရန် အကျုံးဝင်မှုနယ်ပယ်

၄ တာဝန်ယူမှုဆိုင်ရာအခြေခံမူများ

၅ ထုတ်ဝေမှုနှင့်လျှောက်ထားမှု

၁) ထုတ်ဝေမှုလုပ်ထုံးလုပ်နည်းများ

၁.၁ ထုတ်ဝေမှု၊ ကျင့်ဝတ်စည်းမျဉ်းအား လိုက်နာခြင်းဆိုင်ရာကတိကဝတ် (ဝယ်ယူသူများ)

၁.၂ ထုတ်ဝေမှု၊ ကျင့်ဝတ်စည်းမျဉ်းအား လိုက်နာခြင်းဆိုင်ရာကတိကဝတ် (JCDecaux ဝန်ထမ်းများ)

၂) ကြော်ငြာကမ်ပိန်းများအား စိစစ်အတည်ပြုခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်းများ

၂.၁ ဒေသတွင်းကြော်ငြာစိစစ်ရေးကော်မတီ (သို့မဟုတ်) အလားတူ လုပ်ထုံးလုပ်နည်းသတ်မှတ်ချက်များ

၂.၂ ပါဝင်သည့်အကြောင်းအရာများကို စည်းမျဉ်း၊ ကျင့်ဝတ်များနှင့်ကိုက်ညီမှု ရှိ/မရှိအကဲဖြတ်ခြင်း



# ၁ အမှုဆောင်ဘုတ်အဖွဲ့၏ အမှာစကား

JCDecaux သည် ကြော်ငြာမျက်နှာပြင် အရေအတွက် (၁) သန်း နီးပါးမျှရှိသော Display များအား အများပြည်သူ သွားလာရာ နေရာများတွင် တည်ဆောက်တပ်ဆင်ခြင်းနှင့် စျေးကွက်ရှာဖွေခြင်းကို နေ့စဉ် တာဝန်ယူဆောင်ရွက်လျက်ရှိသော လုပ်ငန်းကြီး တစ်ခုဖြစ်ပြီး ကမ္ဘာတစ်ဝန်းရှိ မြို့ကြီးများ၏ အချက်အချာကျသော နေရာများတွင် တည်ရှိပြီးဖြစ်ပါသည်။ နေအိမ်ပြင်ပ ကြော်ငြာလုပ်ငန်းသည် လူ့အသိုင်းအဝိုင်း၏ တစ်စိတ်တစ်ဒေသဖြစ်သည့် အားလျော်စွာ ကျွန်ုပ်တို့ JCDecaux အနေဖြင့် မိမိတို့ တာဝန်ယူ ဆောင်ရွက်သော ကြော်ငြာများအား ဒီဇိုင်းမှစ၍ လုပ်ငန်းလည်ပတ်မှု၊ ပြုပြင်ထိန်းသိမ်းမှုနှင့် ကြော်ငြာပေါ်ထွက် လာမှုအထိ ကြော်ငြာရှင်များ၊ တွဲဖက်လုပ်ကိုင်သူများနှင့် အများပြည်သူများ၏ မျှော်မှန်းချက်အတိုင်း အရည်အသွေး ပြည့်မီအောင် ဆောင်ရွက်ပေးရသည့် ထူးခြားသည့် တာဝန်ယူမှုတစ်ရပ် ရှိပြီးဖြစ်ပါသည်။

Mr. Jean-Claude Decaux မှ ကုမ္ပဏီအား ထူထောင်ခဲ့သည့် ၁၉၆၄ ခုနှစ်မှ စတင်ကာ ထူးခြားကောင်းမွန်သော အရည်အသွေးနှင့် ဝန်ဆောင်မှုမှာ ကျွန်ုပ်တို့လုပ်ငန်း၏ အဓိကသော့ချက်အဖြစ် တည်ရှိခဲ့ပါသည်။ Mr. Jean-Claude Decaux ချမှတ်ခဲ့သော ရည်မှန်းချက်အတိုင်း Out-of-Home ကြော်ငြာလုပ်ငန်း မီဒီယာစျေးကွက်တွင် ဦးဆောင် ရပ်တည်နိုင်ရေးနှင့် တာဝန်ပြည့်ဝသည့် ဆက်ဆံရေးများ ဆောင်ရွက်နိုင်ရေးသည် ကျွန်ုပ်တို့၏ ရည်မှန်းချက်တစ်ခု ဖြစ်သည့် အားလျော်စွာ ကျွန်ုပ်တို့၏ ကြော်ငြာ လုပ်ငန်းသည် ကျင့်ဝတ်လျော်ညီမှုနှင့် တာဝန်ယူမှုပြည့်ဝသော လုပ်ငန်းတစ်ခုအဖြစ် ဆောင်ရွက်သွားရန် ခိုင်မာစွာ ကတိကဝတ် ပြုထားပြီး ဖြစ်ပါသည်။

ကျွန်ုပ်တို့သည် မိမိတို့လုပ်ငန်း တည်ရှိလုပ်ကိုင်ရာ တိုင်းပြည်များ၏ ချမှတ်ထားသော ဥပဒေ၊ စည်းမျဉ်းများကို လိုက်နာရုံမျှမက ပိုမိုတိကျလေးနက်မှုရှိစေရန် Out-of-Home ကြော်ငြာမှုများတွင် ကျင့်သုံးရမည့် မိမိတို့ကိုယ်ပိုင် ကျင့်ဝတ်စည်းမျဉ်း («Code of Conduct») ကို ကုမ္ပဏီတည်ထောင်သူ၏ မျှော်မှန်းချက်အတိုင်း လျော်ညီအောင် ရေးဆွဲကာ စတင်ကျင့်သုံးသွားမည် ဖြစ်ပါသည်။

ကျွန်ုပ်တို့၏ ကျင့်ဝတ်စည်းမျဉ်းသည် နေရာဒေသအားလုံးတွင် လိုက်နာကျင့်သုံးရမည့် ပြည့်စုံကျယ်ပြန့်သော စံတစ်ခုဖြစ်ပြီး ကုမ္ပဏီ၏ထားရှိသော တန်ဖိုးပေါ်တွင် အခြေခံ၍ ရှင်းလင်းတိကျသော နည်းဥပဒေများဖြင့် ရေးဆွဲထားပါသည်။

၎င်းတွင် ချမှတ်ထားသော ကျင့်ဝတ်စည်းမျဉ်းများအား လုပ်ငန်းခွင်အသီးသီးအလိုက် ဆက်သွယ်ဖြန့်ဝေရမည့် နည်းလမ်းများနှင့် ဒေသအလိုက် လိုက်နာဆောင်ရွက်မှုများအား စောင့်ကြည့်အကဲဖြတ်မှု နည်းလမ်းများ ပါဝင်ပြီး မိမိတို့တာဝန်ယူသည့် နေရာဒေသ အလိုက် ကျွမ်းကျင်ပိုင်နိုင်စွာ အသုံးချနိုင်မှုနှင့် တာဝန်ယူနိုင်မှုများလည်း လိုအပ်လျက်ရှိပါသည်။



# ၂ | နိဒါန်း

ကမ္ဘာတစ်ဝန်း နံပါတ် (၁) နေရာတွင် ဦးဆောင်လုပ်ကိုင်နေသော နအေိမ်ပြင်ပ ကြော်ငြာလုပ်ငန်းဖြစ်သည့် JCDecaux အနေဖြင့် လူမှုအသိုင်းအဝိုင်းနှင့် မိမိတို့၏ ပူးပေါင်းဆောင်ရွက်သူများ ဖြစ်ကြသည့် သယ်ယူပို့ဆောင်ရေးလုပ်ငန်း မိတ်ဖက်များအား လွယ်ကူ အဆင်ပြေသော တန်ဖိုးပြည့်ဝသည့် ဝန်ဆောင်မှုများကို ကြော်ငြာလုပ်ငန်းမှ ရရှိသောဝင်ငွေဖြင့် ပံ့ပိုးပေးအပ်လျက် ရှိပါသည်။ ကျွန်ုပ်တို့သည် Street Furniture များ ဒီဇိုင်းရေးဆွဲ ထုတ်လုပ်ခြင်း၊ တည်ဆောက်တပ်ဆင်ခြင်းနှင့် ပြုပြင်ထိန်းသိမ်းရေးကို အထူးအလေးထား ဆောင်ရွက်လျက်ရှိသဖြင့် မြို့ပြတော်များ၏ သာယာလှပမှုကို ပိုမိုဖော်ဆောင်လျက်ရှိပြီး နေထိုင်ကြသော လူများအတွက် အမှန်တကယ် အသုံးဝင်သော၊ အမြင်တင့်တယ်လှပသော ပစ္စည်းများအဖြစ် ပေါ်လွင်လျက်ရှိပါသည်။ လူမှုအသိုင်းအဝိုင်းနှင့် ဆက်နွယ်သော အစိတ်အပိုင်းတစ်ခုအနေဖြင့် ကျွန်ုပ်တို့၏ မိတ်ဖက်များ၊ ကြော်ငြာရှင်များနှင့် ပတ်သက် ဆက်နွယ်ရသော အဖွဲ့အစည်းများသည် ကျွန်ုပ်တို့ တည်ဆောက်ထားရှိသော ကြော်ငြာနေရာများမှတဆင့် အများပြည်သူနှင့် လွယ်ကူစွာ ကူးလူးဆက်သွယ်နိုင်ခြင်းဖြင့် စီးပွားရေးနှင့် လူမှုရေးဆိုင်ရာ တန်ဖိုးများ၊ အခွင့်အလမ်းများကို ဖန်တီးနိုင်လျက် ရှိပါသည်။ Jean-Claude Decaux မှ စတင်တီထွင်ခဲ့သည့် အများပြည်သူအတွက် ဝန်ဆောင်မှုအား ကြော်ငြာလုပ်ငန်းဝင်ငွေဖြင့် ထောက်ပံ့ ဆောင်ရွက်သည့် လုပ်ငန်းပုံစံသည် အကောင်းမွန်ဆုံး ဖြစ်ကြောင်း ကမ္ဘာတစ်ဝန်းလုံးက အသိအမှတ်ပြုလက်ခံထားပြီး ဖြစ်ပါသည်။ ထို့ကြောင့် ယနေ့ခေတ်အချိန်တွင် ကမ္ဘာ့နေရာအနှံ့ရှိ နိုင်ငံပေါင်း (၈၀) ကျော်တွင် နေထိုင်ကြသည့် အခွန်ထမ်း ပြည်သူများအဖို့ တစ်စုံတစ်ရာ ကုန်ကျမှုမရှိဘဲ မြို့ပြနေထိုင်မှုအတွက် ခေတ်မီတိုးတက်မှုများကို ဖန်တီးခဲ့သည့် ရေရှည်အကျိုးပြု တည်တံ့စေသော Business Model ဖြင့် ဆောင်ကျဉ်းပေးနိုင်လျက်ရှိပါသည်။ ကျွန်ုပ်တို့၏ မီဒီယာသည် အချက်အချာကျသော မြို့ကြီးထောင်ပေါင်းများစွာတွင် တည်ရှိပြီး နေထိုင်သူဦးရေ တစ်သောင်းကျော်၊ လဆေပ် အရအေတွက် (၁၅၀) ကျော်နှင့် မီးရထား၊ ဘတ်စ်ကား၊ မြေအောက်ရထား အစရှိသည်တို့ဖြင့် သွားလာကြသော အများပြည်သူ ပို့ဆောင်ရေး ကွန်ယက် အရအေတွက် ရာပေါင်းများစွာရှိ လူများထံသို့ လှမ်းမီရောက်ရှိသော မီဒီယာတစ်ခုဖြစ်ပါသည်။ ကျွန်ုပ်တို့အဖွဲ့အစည်း၏ အရည်အသွေး၊ တီထွင်ဆန်းသစ်မှုနှင့် လုပ်ငန်းအပေါ်ထားရှိသည့် စိတ်အားထက်သန်မှု တန်ဖိုးများသည် ကျွန်ုပ်တို့ အဓိကထား ဆောင်ရွက်လျက်ရှိသော Street Furniture၊ သယ်ယူပို့ဆောင်ရေးနှင့် Billboard ကြော်ငြာများအား မည်သို့ ကောင်းမွန်အောင် ဆောင်ရွက်လျက်ရှိသည်ကို ဖော်ဆောင်လျက်ရှိပါသည်။ ကျွန်ုပ်တို့၏ ကြော်ငြာကွန်ရက်သည် ကမ္ဘာတစ်ဝန်းရှိ သန်းနှင့်ချီသော လူများထံသို့ နှစ်ခြင်းမြင်တွေ့နိုင်စေသဖြင့် သူမတူသော အရည်အသွေးရှိသည့် အများပြည်သူထံ ပန်ကြားနိုင်သော Public Platform တစ်ခုဖြစ်ပါသည်။ ကျွန်ုပ်တို့အနေဖြင့် ဝယ်ယူသူဖောက်သည်များနှင့် မိတ်ဖက်များမှ ယုံကြည်စွာ လုပ်ငန်းအပ်နှံကာ ကောင်းမွန်ပြီး ဖွံ့ဖြိုးတိုးတက်စသေည့် စီးပွားရေးပုံစံဖြင့် ပတ်ဝန်းကျင်နှင့် လူများအပေါ် အကျိုးပြု ဝန်ဆောင်မှုများကို အတူတကွ ပူးပေါင်းကာ ဖန်တီးဆောင်ရွက်ခွင့် ရရှိစခေငြ်းအတွက် များစွာဂုဏ်ယူမိပါသည်။ တာဝန်ယူမှုရှိသော ကမ္ဘာ့ထိပ်တန်း Out-of-Home ကြော်ငြာ ကုမ္ပဏီတစ်ခုအနေဖြင့် JCDecaux သည် ကုမ္ပဏီ တည်ထောင်သူ၏ ရည်မှန်းချက်နှင့် ကိုက်ညီစေရန် ရေရှည်အကျိုး ဖြစ်ထွန်းစေသည့် ဝန်ဆောင်မှုများကို ကျွန်ုပ်တို့လုပ်ငန်း၏ အဓိက စီးပွားရေး ဦးတည်ချက်အဖြစ် ဆက်လက်တည်ဆောက် ဆောင်ရွက်သွားမည် ဖြစ်ပါသည်။ JCDecaux သည် ကျွန်ုပ်တို့၏ ဝန်ထမ်းများ၊ ကြော်ငြာရှင် ဖောက်သည်များ၊ သက်ဆိုင်ရာ မိတ်ဖက်များ၊ Supplier များသည် ကျွန်ုပ်တို့အတွက် အဓိကတန်ဖိုးရှိသူများဖြစ်ပြီး မိမိတို့ကုမ္ပဏီ၏ ကောင်းမွန်သည့် နာမည် ဂုဏ်သတင်းနှင့် မိတ်ဖက်အဖွဲ့အစည်းများ၏ ယုံကြည်မှု ရရှိခြင်းတို့အတွက် အဓိကသော့ချက်များ ဖြစ်သည်ဟု အခိုင်အမာ ယုံကြည်ပါသည်။ ကျွန်ုပ်တို့သည် ကမ္ဘာတစ်ဝန်းရှိ လုပ်ငန်းဆောင်ရွက်ရသည့် ဈေးကွက် အသီးသီးတွင် သက်ဆိုင်ရာ တာဝန် ရှိသူများ/အာဏာပိုင်များမှ ချမှတ်ထားသော စည်းမျဉ်း၊ စည်းကမ်းများကို တိကျသေချာစွာ လိုက်နာဆောင်ရွက်ခြင်း သာမက ကျွန်ုပ်တို့၏ မျှော်မှန်းချက်တစ်ခုဖြစ်သော လူ့အဖွဲ့အစည်းတွင် ကောင်းမွန်သော မီဒီယာအခန်း ကဏ္ဍတစ်ခုအဖြစ် ရပ်တည်နိုင်ရန် မိမိတို့ ကိုယ်တိုင် ပိုမိုမြင့်မားသော

စည်းမျဉ်းစံနှုန်းများ ချမှတ် ဆောင်ရွက်သွားမည်ဖြစ်ပါသည်။ ထိုသို့ ဆောင်ရွက်ခြင်း၏ အကျိုးဆက်အဖြစ် ကျွန်ုပ်တို့ JCDecaux သည် ဖော်ပြပါ ပြဋ္ဌာန်းချက်များကို ရရှေည်လက်ကိုင်ထားကာ အကောင်အထည်ဖော် ဆောင်ရွက်သွားမည်ဟု ကတိပြုပါသည်။ United Nations' (UN) ၏ ၁၀-၁၂-၁၉၄၈ တွင် ပြဋ္ဌာန်းသည့် လူ့အခွင့်အရေးဆိုင်ရာ ပြဋ္ဌာန်းချက် (UDHR)၊ ၂၀-၁၁-၁၉၈၉ တွင် ပြဋ္ဌာန်းသည့် ကလေးသူငယ် အခွင့်အရေးဆိုင်ရာ သဘာတူညီချက်၊ ၄-၁၁-၁၉၅၀ တွင် ပြဋ္ဌာန်းသည့် ဥရောပသမဂ္ဂ (EU)၏ လူ့အခွင့်အရေးနှင့် အခြေခံ လွတ်လပ်မှုများအား ကာကွယ်ခြင်းဆိုင်ရာ သဘာတူညီချက်၊ ၇-၁၂-၂၀၀၀ တွင် ပြဋ္ဌာန်းသော ဥရောပသမဂ္ဂ (EU) ၏ အခြေခံအခွင့်အရေးများ ဆိုင်ရာ ပဋိညာဉ်စာတမ်း များဖြစ်ပါသည်။

## ထိုစာတမ်းများတွင်

- လွတ်လပ်စွာထုတ်ဖော်ပြောဆိုခွင့်
- လွတ်လပ်စွာကုန်သွယ်ခွင့်နှင့်စက်မှုလုပ်ငန်း
- လူ့ဂုဏ်သိက္ခာနှင့်အခွင့်အရေးများကိုလေးစားလိုက်နာခြင်း
- ကျားမတန်းတူညီမျှရှိမှုအားလေးစားခြင်း
- လူမျိုးခွဲခြားခြင်း၊ ဂျူးလူမျိုးမုန်းတီးခြင်းနှင့် အခြားသောခွဲခြားဆက်ဆံခြင်းများအား ကိုယ်ကျင့်တရားနှင့် ယဉ်ကျေးမှုအဖွဲ့အစည်း လုပ်ထုံးလုပ်နည်းကို အခြေခံ၍ ပယ်ချခြင်း၊ ကျား/မ ခွဲခြားမှု၊ လိင်စိတ်ခံယူမှု၊ ကိုးကွယ်ယုံကြည်မှုဆိုင်ရာ ခွဲခြားဆက်ဆံခြင်းများ မဖြစ်ပေါ်စေရေး
- ကလေးသူငယ်နှင့်ဆယ်ကျော်သက်များအား လေးစားမှုရှိခြင်း
- အကြမ်းဖက်မှုနှင့် လှုံ့ဆော်မှုများကို ဥပဒေမဲ့ ပြုမူခြင်း သို့မဟုတ် လူတို့၏ ကျန်းမာရေးနှင့် ဘေးကင်းလုံခြုံရေးကို ထိခိုက်စေသော အပြုအမူများကို ငြင်းပယ်ခြင်း
- သိက္ခာရှိမှု၊ ရိုးသားမှုနှင့် သစ္စာရှိမှုကို လေးစားခြင်း အစရှိသည့် စည်းမျဉ်းများ ပါဝင်ပါသည်။

JCDecaux ၏ ကျင့်ဝတ်သိက္ခာစည်းမျဉ်း (Code of Conduct) သည် ကျွန်ုပ်တို့ ဆောင်ရွက်သော ကကြော်ငြာကမ်ပိန်းများကို အဖွဲ့အစည်း၏ အခြေခံမူများ၊ တန်ဖိုးများနှင့် ကိုက်ညီမှုရှိသည့် ကကြော်ငြာများအဖြစ် အများပြည်သူအား ပြသပေးနိုင်စမေည့် စံနှုန်းတစ်ခုကို သတ်မှတ်ပေးမည် ဖြစ်ပါသည်။ ယခုကဲ့သို့ ပြောင်းလဲမှုများ ဖြစ်ပေါ်လျက်ရှိသော ကာလတွင် ကျင့်ဝတ်သိက္ခာရှိမှုနှင့် တာဝန်ပြည့်ဝမှုသည် အဖွဲ့အစည်းများအတွက် အလွန်သိသာ ထင်ရှားသော လိုအပ်ချက်ဖြစ်လာပါသည်။

ရာသီဥတုများ ပြောင်းလဲ လာသည်နှင့်အမျှ စီးပွားရေးလုပ်ငန်းများ အနေဖြင့်လည်း ၎င်းတို့၏ ထုတ်လုပ်မှု လုပ်ငန်းစဉ်များကို ကာဗွန်အသုံးလျှော့ချပြီး ရရှေည်ဖွံ့ဖြိုးသော လုပ်ငန်းများအဖြစ် တည်ရှိစရေး ကြိုးပမ်းလာကပြပါသည်။ တစ်ချိန်တည်းမှာပင် စားသုံးသူများ အနေဖြင့်လည်း စီးပွားရေးလုပ်ငန်းများ၏ ဝန်ဆောင်မှုနှင့် ရရှေည်ဖွံ့ဖြိုးတိုးတက်မှု တန်ဖိုးကို ပိုမိုအာရုံစိုက် အလေးထား လာကပြည်ကို တွေ့ရှိရပါသည်။ ထိုသို့ ပတ်ဝန်းကျင်ဆိုင်ရာ အပြောင်းအလဲများ ဆက်လက်ဖြစ်ပေါ် နသေည့်အတွက် နအေိမ်ပပြင်ပ ကကြော်ငြာလုပ်ငန်း တစ်ခုအနေဖြင့် ထုတ်ကုန်များနှင့် ဝန်ဆောင်မှုများကို မိမိတို့၏ မီဒီယာတွင် ကကြော်ငြာ တင်ဆက် ပြန့်ကျြားပေးရာတွင် တာဝန်ယူမှုနှင့် ကျင့်ဝတ်သိက္ခာရှိမှုကို ပို၍လေးနက်စွာ ဆောင်ရွက်ရန် လိုအပ်လာပါသည်။

ပတ်ဝန်းကျင် ထိန်းသိမ်းစောင့်ရှောက်မှုနှင့် ရရှေည်ဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ သတ်မှတ်ချက်များမှာ ကကြော်ငြာရှင်များနှင့် အခြားသော သက်ဆိုင်ရာ အဖွဲ့အစည်းများမှ ၎င်းတို့နှင့် လက်တွဲဆောင်ရွက်မည့် မီဒီယာကို ရွေးချယ်ရာတွင် ပိုမိုအရေးပေါလာပါသည်။ ကျွန်ုပ်တို့ အဖွဲ့အစည်းအနေဖြင့် လူမှုအဖွဲ့အစည်းတွင် တာဝန်ယူမှုပြည့်ဝသော ကုမ္ပဏီတစ်ခု ဖြစ်သည်နှင့်အညီ ရာသီဥတု အပြောင်းအလဲ ဖြစ်စဉ်များကို ထိန်းသိမ်းရာတွင် မိမိတို့ ပါဝင်ဆောင်ရွက်ရမည့် တာဝန်ကို ကျပေွန်ပြီးဖြစ်ရာ ထိုလုပ်ငန်းများ ဆောင်ရွက် နိုင်ရန်အတွက် ပိုမိုသုံးစွဲရသည့် JCDecaux ၏ ဘဏ္ဍာရေး  စွမ်းဆောင်ချက်ကိုလည်း ကမ္ဘာလုံးဆိုင်ရာ အဖွဲ့အစည်းများ (CDP, MSCI, FTSE4Good) မှ အသိအမှတ်ပြုပြီး ဖြစ်ပါသည်။ ဒသေတွင်းနှင့် တစ်ကမ္ဘာလုံးဆိုင်ရာ ရှထောင့်အရ ကျွန်ုပ်တို့၏ မိတ်ဖက်များနှင့် ကကြော်ငြာရှင် ဖောက်သည်များသည် ၎င်းတို့၏ ကကြော်ငြာများကို ကျင့်ဝတ်သိက္ခာနှင့် လျော်ညီသော၊ တာဝန်ယူမှု ပြည့်ဝသော ကကြော်ငြာများအဖြစ် Out-of-Home နရောများတွင် မင်္ပြလိုကပြီး ထိုအရာသည် ကျွန်ုပ်တို့၏ ရရှေည် မျှော်မှန်းချက်နှင့် ဥရောပသမဂ္ဂ၏ ရရှေည်ဖွံ့ဖြိုး တိုးတက်မှုပန်းတိုင် (Sustainable Development Goals SDGs) နှင့် ထပ်တူကျ ကိုက်ညီမှုရှိပါသည်။ ကျွန်ုပ်တို့သည် ကျွန်ုပ်တို့၏အဓိက မိတ်ဖက်ကကြော်ငြာရှင်များနှင့်အတူ ၎င်းတို့၏ ကုန်အမှတ်တံဆိပ်များကို ပတ်ဝန်းကျင် အကျိုးပြုမှုဆိုင်ရာ အချက်အလက်များနှင့် လျော်ညီသော ပုံရိပ်တစ်ခုအဖြစ် အသိပညာပေးမှုများ ဆောင်ရွက်နိုင်ရန် လွန်ခဲ့သော အချိန်ကာလများကတည်းက စတင်ဆောင်ရွက်ခဲ့ပါသည်။ ကုန်ပစ္စည်းအမှတ်တံဆိပ်များနှင့် သက်ဆိုင်ရာ တာဝန်ရှိသူ အာဏာပိုင် များအကြား ကြားခံ ဆက်သွယ်ပေးကာ ဒသေအသီးသီးနှင့် လူ့ပတ်ဝန်းကျင်အတွက် ကောင်းမွန်ပြီး ရရှေည်အကျိုးပြုနိုင်မည့် ပူးပေါင်းဆောင်ရွက်မှု တစ်ရပ် <<Brand Urbanism>> ကို ကျွမ်းကျင်ပိုင်နိုင်စွာ အကောင်အထည်ဖော်နိုင်စရေန် ကျွန်ုပ်တို့ ကုမ္ပဏီမှ ကျွမ်းကျင်သူများနှင့် ပြင်ပကျွမ်းကျင်သူများမှ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်လျက်ရှိပါသည်။ ပိုမိုကောင်းမွန်သော ရရှေည်ဖွံ့ဖြိုး တိုးတက်သည့် အနာဂတ်ကို ဖော်ဆောင်မှု တစ်ခုအနေဖြင့် ကျွန်ုပ်တို့၏ လုပ်ငန်းအား တာဝန်ယူမှုပြည့်ဝသော၊ ဂုဏ်သိက္ခာရှိသော Out-of-Home ပလက်ဖောင်း တစ်ခုအဖြစ်လည်းကောင်း၊ ကမ္ဘာတစ်ဝန်းတွင်ရှိသော ဆက်သွယ်ရေး ကွန်ယက်လိုင်းများ၏ အင်အားရှိသော Public ပလက်ဖောင်း အဖြစ်လည်းကောင်း ပေါ်ထွက်လာစရေန် ကျွန်ုပ်တို့၏ ကမ္ဘာတစ်ဝန်း နရောအသီးသီးမှ JCDecaux team များမှ အရေးကြီးသည့် အစိတ်အပိုင်းများတွင် ဆက်လက်ပါဝင် ဆောင်ရွက်သွားမည် ဖြစ်ပါသည်။



# ၃။ ကျင့်ဝတ်ဆိုင်ရာ ရည်ရွယ်ချက် နှင့် ကျင့်သုံးရန် အကျုံးဝင်မှုနယ်ပယ်

## ၁. ရည်ရွယ်ချက်

JCDecaux ၏ ကျင့်ဝတ်ကျင့်ထုံးသည် ကျွန်ုပ်တို့၏ကြော်ငြာဆိုင်းဒ်များ၊ JCDecaux SA နှင့် ၎င်း၏အုပ်စု ကုမ္ပဏီများအားလုံး လက်ခံနိုင်သော မူဘောင်တစ်ခုကို သတ်မှတ်ပေးပါသည်။ ဤကျင့်ဝတ်ကို JCDecaux မှဖော်ထုတ်ခဲ့ပြီး International Council for Advertising Self-Regulation (ICAS) နှင့် ဒေသတွင်းနှင့် အမျိုးသားအာဏာပိုင်များ ဖြစ်သော European Advertising Standards Alliance (EASA) နှင့် the French Professional Advertising Regulation Authority (ARPP) မှ ပေးသော အကြံပြုချက်များကို လိုက်နာပြီး လက်ရှိကျင့်ဝတ်များဖြစ်သော International Chamber of Commerce (ICC) Advertising and Marketing Communications Code ကိုလည်း ရေးဆွဲထားပါသည်။

## ၂. ကျင့်သုံးရန် အကျုံးဝင်မှုနယ်ပယ်

ဤကျင့်ဝတ်သည် ကြော်ငြာ/ဆက်သွယ်ရေးမီဒီယာ အားလုံးနှင့်သက်ဆိုင်ပါသည်။ ၎င်းမီဒီယာဆိုသည်မှာ တိုင်းပြည်အားလုံး အတွင်းရှိ JCDecaux လုပ်ငန်းလုပ်ဆောင်နေသော ပိုစတာ၊ ဒီဂျယ်တယ်မှန်သားပြင်၊ နဖူးစည်းများ၊ ပတ်ဝန်းကျင်မီဒီယာ အပြင်၊ Visual format (PDF JPG) ဒီဂျစ်တယ်အကြောင်းအရာ (MP4)၊ နိုင်ငံတွင်းစီးပွားဖြစ်၊ အရောင်းမြှင့်တင်ရေး သို့မဟုတ် ငွေကြေး မဟုတ်သော ရည်ရွယ်ချက်များ အားလုံးပါဝင်သည်။

ဤကျင့်ဝတ်သည် ကျွန်ုပ်တို့ တန်ဖိုးများနှင့်အညီ လေးစားလိုက်နာရမည့် အနိမ့်ဆုံးလမ်းညွှန်ချက်ကို သတ်မှတ်ပေးပါသည်။ ဤကျင့်ဝတ်သည် ဈေးကွက်တစ်ခုစီတွင် လိုက်နာသည့်ဒေသဆိုင်ရာ ဥပဒေနှင့် စည်းမျဉ်းများကို ဖြည့်စွက်ရန် ရည်ရွယ်ပါသည်။ အကယ်၍ ဒေသတွင်းဥပဒေ သို့မဟုတ် စည်းမျဉ်းတစ်ခုအား ပြည်တွင်း JCDecaux လုပ်ငန်းအနေဖြင့် ကျင့်ဝတ်တွင် ဖော်ပြထားသည့် နိယာမအတိုင်း မလိုက်နာနိုင်လျှင် JCDecaux လုပ်ငန်းသည် သက်ဆိုင်ရာ အာဏာပိုင်များ၏ဥပဒေနှင့် ကိုက်ညီမှုရှိစေရန် ဒေသစံ သတ်မှတ်ချက်များနှင့် လိုက်လျောညီထွေဖြစ်စေရန် တတ်နိုင်သမျှ ကြိုးစားလက်ခံဆောင်ရွက်ရမည်။



# ၉ | တာဝန်ယူမှုလုပ်ထုံးများ

## လူမှုတာဝန်များ

ကြော်ငြာများသည် လူ၏ကျင့်ဝတ်ဂုဏ်သိက္ခာကို လေးစားရမည်ဖြစ်ပြီး မည်သို့သော ခွဲခြားဆက်ဆံမှုများကိုမျှ အားပေးခြင်း မပြုသင့်ပါ။ အသေးစိတ်အားဖြင့် လူမျိုး သို့မဟုတ် ဇာတိနိုင်ငံ၊ ကိုးကွယ်ယုံကြည်မှု၊ လိင်အမျိုးအစား၊ အသက်အရွယ်၊ ကိုယ်လက်အင်္ဂါ ချို့ယွင်းမှု၊ ကျား/မ ဖြစ်တည်မှုနှင့် လိင်စိတ်ခံယူမှုများအပေါ်တွင် ခွဲခြားဆက်ဆံခြင်းများ မပါဝင်ရပါ။ ကြော်ငြာများသည် လူသားများကို အရာဝတ္ထုများအဖြစ် လျှော့ချသိမြင်စေခြင်း မပြုလုပ်ရပါ။ ကြော်ငြာများသည် လူတစ်ဦးတစ်ယောက်၏ ကျား/ မ ဖြစ်တည်မှု၊ နေထိုင်ရာ ဇစ်မြစ်၊ လူမှုရေးအဖွဲ့တစ်ခု၏ အဖွဲ့ဝင်ဖြစ်မှု၊ လိင်စိတ်ခံယူမှု၊ လိင်အမျိုးအစား သို့မဟုတ် အခြားသော ခွဲခြားဆက်ဆံမှုဆိုင်ရာ စံနှုန်းများပေါ်တွင် အခြေခံကာ ယုတ်ညံ့သည်ဟု အဓိပ္ပာယ်သက်ရောက်သော ကြော်ငြာခြင်းကိုလည်း ထောက်ခံဆောင်ရွက်ခြင်း မပြုရပါ။ အထူးသဖြင့် ကြော်ငြာများသည် လူပုဂ္ဂိုလ် တစ်ဦးတစ်ယောက်၏ လူမှုအခန်းကဏ္ဍနှင့် တာဝန်ယူမှုများကို လျှော့ချစေခြင်း မပြုလုပ်ရပါ။ ကြော်ငြာသည် တိုက်ရိုက် သို့မဟုတ် သွယ်ဝိုက်သော နည်းလမ်း/အပြုအမူများဖြင့် သည်းခံမှုမရှိခြင်းများ၊ လိင်ပိုင်းဆိုင်ရာ အပြုအမူများနှင့် တစ်စုံတစ်ခုအား ချန်လှပ် ဖော်ပြသော အပြုအမူများ အစရှိသည်များကို အားပေးကြော်ငြာခြင်း မပြုရပါ။ ကြော်ငြာများသည် ကြောက်ရွံ့မှု၊ တရားမျှတမှု ဆိုင်ရာများနှင့် ပတ်သက်၍ ကိုယ်ကျိုးရှာ အမြတ်ထုတ်ခြင်း မပြုလုပ်ရပါ။ ကြော်ငြာများသည် ဥပဒေနှင့် လျော်ကန်မှုမရှိသော၊ သင့်တော်မှုမရှိသော အပြုအမူများကို သွေးထိုးလှုံ့ဆော်ခြင်း၊ အားပေးအားမြှောက်ပြုခြင်း မပြုလုပ်ရပါ။ ကြော်ငြာများသည် အန္တရာယ်ရှိနိုင်သော သို့မဟုတ် ကျန်းမာရေးနှင့် ဘေးကင်းလုံခြုံရေးကို ဆန့်ကျင်သော လုပ်ထုံးများ သို့မဟုတ် အခြေအနေမျိုးကို ပညာရေး/လူမှုရေး လိုအပ်ချက်များအတိုင်း ညှိနှိုင်းထားမှုမရှိဘဲ မြင်သာအောင် တင်ဆက်ခြင်း မပြုလုပ်ရပါ။ ကြော်ငြာများသည် မှန်ကန်ရိုးသားမှု ရှိရမည်ဖြစ်ပြီး မည်သည့် စာဖြစ်စေ၊ မြင်ကွင်းပုံပြယုဂ်ဖြင့် ဖြစ်စေ မလျော်ကန်သော ကြောက်ရွံ့မှုများ ဖြစ်စေနိုင်မှုအား ဆောင်ရွက်ခြင်းမပြုရပါ။ ခေါင်းပုံဖော်ခြင်းနှင့် အယူသီးမှုနှင့် သက်ဆိုင်သော မည်သည့် ကြော်ငြာမျိုးမဆို ပြင်းထန်စွာ တားမြစ်ပါသည်။ ကြော်ငြာတွင် အကြမ်းဖက်မှု သို့မဟုတ် အလားတူ အဓိပ္ပာယ်သက်ရောက်စေသည့် မည်သည့် ပြသမှုမျိုးကိုမဆို တိုက်ရိုက်ဖြစ်စေ၊ အကာံပြုပြသော နည်းလမ်းဖြင့်ဖြစ်စေ ပါဝင်မှုမပြုနိုင်ရန်၊ ကြော်ငြာတွင် ပါဝင်သော ထုတ်ကုန် သို့မဟုတ် ဝန်ဆောင်မှု၏ တရားမျှတသော လိုအပ်ချက် အခြေအနေတစ်ရပ် မဟုတ်ဘဲ ပြဋ္ဌာန်းခြင်း မပြုရပါ။ အကြမ်းဖက်မှုများကို ကိုယ်ထိလက်ရောက် ကျူးလွန်ခြင်း သို့မဟုတ် ကိုယ်ကျင့်တရား ကြမ်းတမ်းခြင်း အစရှိသည်များကို လှုံ့ဆော်အားပေးသည့် ကြော်ငြာများ ဆောင်ရွက်ခြင်းကို ပြင်းထန်စွာ တားမြစ်သည်။

## လူမှုရေးကျင့်ဝတ်

ကြော်ငြာများသည် ဆောင်ရွက်သည့် နိုင်ငံတွင်း ချမှတ်ထားသည့် သို့မဟုတ် အများ လက်ခံထားသည့် ယဉ်ကျေးမှု စံနှုန်းတစ်ခုနှင့် သွေဖီသော မငြိကွင်းတင်ပြမှုများ ပါဝင်ခြင်းမရှိစေရ။

## ယုံကြည်မှု

ကြော်ငြာများသည် စားသုံးသူများ၏ ယုံကြည်မှုကို အလွဲသုံးစားပြုခြင်း သို့မဟုတ် စားသုံးသူများ အတွေ့အကြုံ/အသိတရား မပြည့်စုံမှုအပေါ် အမြတ်ထုတ်သော ကြော်ငြာများ မဖြစ်စေရ။

## ရိုးသားမှုနှင့်ယုံကြည်ရမှု

ကြော်ငြာများသည် လွဲမှားသော အဓိပ္ပာယ်သက်ရောက်နိုင်သည့် ပြောြန်းချက် သို့မဟုတ် မျက်မြင်တင်ပြချက်များကို တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်၍ ဖြစ်စေဆောင်ရွက်ခြင်းကို တားမြစ်သည်။ အဆိုပါ တားမြစ်ချက်သည် သာမန်ထက်ပို၍ သိသာ ထင်ရှားစေနိုင်သော၊ လွဲမှားသော အဓိပ္ပာယ် သက်ရောက်စေနိုင်သည့် ကြော်ငြာများ ဆောင်ရွက်ရာတွင် ကျင့်သုံးရမည်။

## အပျက်သဘောဆောင်သည့်ကမ်ပိန်းများ

ကြော်ငြာသည် အဖွဲ့အစည်းတစ်ခု၊ အလုပ်အကိုင်အမျိုးအစားတစ်ခု၊ လူပုဂ္ဂိုလ်တစ်ဦး၊ လူပုဂ္ဂိုလ် အစုအဖွဲ့တစ်ခု သို့မဟုတ် ထုတ်ကုန်တစ်ခု အစရှိသည်တို့အား သိက္ခာကျဆင်းစသေည့် မလျော်ကန်သောအပြုအမူများ ပါဝင်ခြင်း မရှိစေရ။

## ပုံရိပ်အသုံးပြုခြင်း

ကြော်ငြာများတွင် လူပုဂ္ဂိုလ်တစ်ယောက်၏ ပုံရိပ်ကို ထိုသူ၏ ခွင့်ပြုချက်အား ကြိုတင်တောင်းခံခြင်း မရှိဘဲ ကြော်ငြာခြင်း မပြုရ။

## တီထွင်ဖန်တီးမှုဆိုင်ရာမူပိုင်ခွင့်

ကြော်ငြာများတွင် အခြားကုမ္ပဏီ သို့မဟုတ် အဖွဲ့အစည်း၏ အမည်၊ အမှတ်တံဆိပ်နှင့် ထုတ်ကုန်ပစ္စည်းများကို သိသာထင်ရှားစွာ သီးခြားဖော်ပြခြင်း မရှိဘဲ အသုံးမပြုရ။ ကြော်ငြာများသည် အခြားကုမ္ပဏီ သို့မဟုတ် အဖွဲ့အစည်း၏ ဂုဏ်သိက္ခာ သို့မဟုတ် အခြား ကြော်ငြာများနှင့် သက်ဆိုင်သော အောင်မြင်မှုများကို မတရားသော နည်းလမ်းဖြင့် အသုံးပြု၍ အကျိုးအမြတ်ရယူမှု မရှိစေရ။ ကြော်ငြာများတွင် layout၊ စာသား၊ ဆောင်ပုဒ်၊ ပုံရိပ်၊ တေးဂီတ အစရှိသည်ဖြင့် အခြားကြော်ငြာ ကမ်ပိန်းများတွင် အသုံးပြုထားပြီး ဖြစ်သည့် ဖန်တီးမှုများကို ကူးယူဖော်ပြခြင်းသည် စားသုံးသူများ အနေဖြင့် မှားယွင်းစွာ ထင်မြင်ယူဆစေနိုင်သဖြင့် မပြုလုပ်ရန် တားမြစ်သည်။.

## ကလေးသူငယ်နှင့်ငယ်ရွယ်သည့်ဆယ်ကျော်သက်များအခွင့်အရေး

ကြော်ငြာများသည် ကလေးသူငယ်များနှင့် ဆယ်ကျော်သက်များ၏ ယုံကြည်လွယ်မှု၊ သစ္စာရှိမှု၊ အားနည်းချက် သို့မဟုတ် အတွေ့အကြုံနည်းပါးမှုများကို သိသာထင်ရှားစေခြင်း မပြုရပါ။ ကြော်ငြာသည် ကုန်ပစ္စည်းတစ်ခုကို သုံးစွဲနိုင်ရန် လိုအပ်သည့် အရည်အချင်း သို့မဟုတ် အသက်အရွယ် ကန့်သတ်ချက်ကို မလျှော့ပါးနိုင်စေရ။ ကြော်ငြာများတွင် ကလေးသူငယ်များနှင့် ဆယ်ကျော်သက်လူငယ်များ၏ စိတ်၊ အကျင့် သို့မဟုတ် ရုပ်ပိုင်းဆိုင်ရာများကို ထိခိုက်ပျက်စီးစသေော ပြောြန်းချက် သို့မဟုတ် ပုံရိပ်များ ထည့်သွင်းပြသခြင်းမပြုရ။ ကြော်ငြာသည် ကလေးသူငယ်များနှင့် ဆယ်ကျော်သက်လူငယ်များအတွက် ကျန်းမာရေးနှင့် စိတ်နှလုံး ငြိမ်းချမ်းခြင်း သို့မဟုတ် ဘေးကင်းလုံခြုံရေးကို ပြင်းထန်စွာ အန္တရာယ်ဖြစ်စေနိုင်သော အခြေအနေများ သို့မဟုတ် လုပ်ရှားမှုများ မပါဝင်စေရ။ ကြော်ငြာများသည် ကုန်ပစ္စည်းတစ်ခု သို့မဟုတ် ဝန်ဆောင်မှုတစ်ခုကို ပိုင်ဆိုင်သည်ဖြစ်စေ၊ မပိုင်ဆိုင်သည်ဖြစ်စေ အခြားကလေး သူငယ်များ၏ စိတ်၊ ရုပ်၊ ပတ်ဝန်းကျင် စသည်တို့ကို အကျိုးသက်ရောက်မှု ဖြစ်စေနိုင်မည့် မည်သည့်အပြုအမူကိုမျှ အကြံပြုချက်များ မပါဝင်ရပါ။ ကြော်ငြာသည် မိဘများ၏ တာဝန်ရှိမှု၊ တာဝန်ယူမှု၊ ဝဖေန်ပိုင်းခြားမှုများကို တစ်စုံတစ်ရာ လျှော့ပါးစခေြင်း မပြုရ။ ကြော်ငြာများသည် ဆောင်ရွက်သည့် နိုင်ငံတွင်း ချမှတ်ထားသည့် သို့မဟုတ် အများ လက်ခံထားသည့် ယဉ်ကျေးမှု စံနှုန်းတစ်ခုနှင့် ကိုက်ညီသော မငြိကွင်းတင်ပြမှုများကို ဆောင်ရွက်ရမည်။

## ပတ်ဝန်းကျင်ဆိုင်ရာကျင့်ဝတ်

ကြော်ငြာများသည် ပတ်ဝန်းကျင်ကို ထိခိုက်ပျက်စီးစေသော သို့မဟုတ် တရားမဝင်သော အားပေးလှုံ့ဆော်သည့် ဆောင်ရွက်ချက်များကို မဖော်ပြရ။

## ရေရှည်အကျိုးပြုဆောင်ရွက်ချက်

ကြော်ငြာများသည် ရေရှည်အကျိုးပြုဆောင်ရွက်ချက်များကို ဖော်ပြသည့်အခါ လိုအပ်သည့် သတ်မှတ်ချက်များဖြစ်သည့် ယုံကြည်ရမှု၊ ရိုးသားမှု၊ ဓမ္မဓိဋ္ဌာန်ကျမှုနှင့် ကိုက်ညီအောင် ဆောင်ရွက်ရမည်ဖြစ်သည်။

၁။ ယုံကြည်ရမှုနှင့် ရိုးသားမှု - ကြော်ငြာများသည် အများသူငှာအား ပြသရာတွင် ကြော်ငြာရှင်၏ အမှန်တကယ် လုပ်ဆောင်မှု သို့မဟုတ် ၎င်းကြော်ငြာသည့် ထုတ်ကုန်ပစ္စည်းများနှင့် ဝန်ဆောင်မှုများ၏ စစ်မှန်သော အရည်အသွေးကို မကွယ်ဝှက်ပဲ ပြသရမည် ဖြစ်ပါသည်။

၂။ ဓမ္မဓိဋ္ဌာန်ကျမှု - ကြော်ငြာများသည် ၎င်းမှ ပေးအပ်သော သတင်းစကားတွင် ရေရှည်အကျိုးပြုဆိုင်ရာ ဆောင်ရွက်ချက်၏ သဘောသဘာဝနှင့် ကြော်ငြာရှင်၏ စစ်မှန်သော ဆောင်ရွက်ချက်များကို အချိုးကျစွာ ထင်ဟပ်ပေါ်လွင်စေရမည်။

၃။ ယုံကြည်ကိုးစားနိုင်မှု - ကြော်ငြာများကို သက်ဆိုင်ရာ ကြော်ငြာရှင်မှ စတင်လုပ်ဆောင်ပြီးပါက တစ်ဦးတည်း မူပိုင်အဖြစ် ထားရှိစေပြီး အခြားကြော်ငြာရှင်တစ်ဦးမှ တူညီသည့် ကြော်ငြာမူ ပုံတူပွားနိုင်စေရန် ပြန်ကြားချိတ်ဆက်ခြင်း မပြုရ။ ကြော်ငြာများသည် လုပ်ငန်းခွင်အတွင်း လူမှုဝန်းကျင်နှင့် လူ့အခွင့်အရေးကို ချိုးဖောက်မည့် အခြေအနေများ မဖြစ်ပေါ်စေရ။



# ၁ | ထုတ်ဝမှေုနှင့်လျှောက်ထားမှု

## ၁။ ထုတ်ဝမှေုဆိုင်ရာ လုပ်ထုံးလုပ်နည်း

### ၁.၁. ထုတ်ဝမှေ၊ ကျင့်ဝတ်စည်းမျဉ်းအား လိုက်နာခြင်းဆိုင်ရာကတိကဝတ် (ဝယ်ယူသူများ)

JCDecaux သည် ဖော်ပြပါ တန်ဖိုးများကို ၎င်း၏သက်ဆိုင်ရာ မိတ်ဖက်အဖွဲ့အစည်းများနှင့် အတူတကွ မျှဝေတင်ဆောင်ရွက် သွားမည်ဟု ကတိပြုပါသည်။ အဆိုပါ အဖွဲ့အစည်းများတွင် JCDecaux မှ အများစု ရင်းနှီးမြှုပ်နှံထားသော လုပ်ငန်းသို့မဟုတ် ဖက်စပ်လုပ်ငန်း၊ ကြော်ငြာရှင်ဖောက်သည်များ၊ မိတ်ဖက်များနှင့် မီဒီယာ အေဂျင်စီများ ပါဝင်ပါသည်။ အဆိုပါ စည်းမျဉ်းသည် JCDecaux Group လက်အောက်ရှိ လုပ်ငန်းခွဲများ အားလုံးနှင့် သက်ဆိုင်ပြီး ရောင်းချခြင်းနှင့် ဝန်ဆောင်မှုဆိုင်ရာ ယဘေုယျ စည်းမျဉ်းစည်းကမ်းများကို ကိုးကား၍ ချမှတ်ထားခြင်းဖြစ်ပြီး ကြော်ငြာရှင်များကိုလည်း တိကျသေချာစွာ လိုက်နာ ဆောင်ရွက်စေရန် ကတိပြုပါသည်။ အဆိုပါ စည်းမျဉ်း စာရွက်စာတမ်းများ အားလုံးသည် JCDecaux Group မှ ချမှတ်ထားသော စံနှုန်းများဖြစ်သည့် (Code of Ethics, International Charter of Fundamental Social Values, Supplier Code of Conduct) များဖြစ်ပြီး အများပြည်သူ သိရှိလေ့လာနိုင်စေရန် ကျွန်ုပ်တို့အဖွဲ့အစည်း၏ website များတွင် ဒေါင်းလုပ်ဆွဲကာ ရယူနိုင်ပါသည်။

### ၁.၂ ထုတ်ဝမှေ၊ ကျင့်ဝတ်စည်းမျဉ်းအား လိုက်နာခြင်းဆိုင်ရာကတိကဝတ် (JCDecaux ဝန်ထမ်းများ)

JCDecaux ၏ ဝန်ထမ်းများ အားလုံးသည် ဤစည်းမျဉ်းတွင် ပါဝင်သော လုပ်ထုံးလုပ်နည်းများကို လိုက်နာကျင့်သုံးရန်လိုအပ်ပါသည်။ (အဆိုပါ ကျင့်ဝတ်များသည် ကုမ္ပဏီတွင်း Intranet ကွန်ယက်မှတဆင့် ရယူနိုင်ပါသည်) စျေးကွက်ရှာဖွေခြင်း၊ အရောင်းနှင့် လူမှုပတ်ဝန်းကျင် ဆက်ဆံရေး ဆောင်ရွက်သော ဌာနများနှင့် သက်ဆိုင်ရာ တာဝန်ရှိသူများ အနေဖြင့်ကျင့်ဝတ်နှင့်ညီသော ကြော်ငြာများကို ဤစည်းမျဉ်းနှင့် ကိုက်ညီမှုရှိအောင် ဆောင်ရွက်နိုင်ရေးအတွက် တာဝန်ရှိသူများ ဖြစ်ပါသည်။

# ၂. ကြော်ငြာကမ်ပိန်းများအား စိစစ်အတည်ပြုခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်းများ

ကမ်ပိန်းများကို အတည်ပြုလက်ခံရာတွင် ကြော်ငြာရှင်နှင့် မီဒီယာ အေဂျင်စီများမှ ပေးအပ်လာသော ကြော်ငြာများကို ဖော်ပြပါ ရှင်းလင်းပြီး တစ်သတ်မတ်တည်း ရှိအောင် ဆောင်ရွက်ထားပြီးဖြစ်သည့် အကံပြုချက် ကျင့်ထုံးများကို လိုက်နာကျင့်သုံးကာ ဆောင်ရွက်ကြရမည် ဖြစ်ပါသည်။ JCDecaux Group လက်အောက်တွင် ရှိသော သက်ဆိုင်ရာ ဒေသတွင်းတွင် ကျင့်ဝတ်နှင့် ကိုက်ညီသော ကြော်ငြာများ ဆောင်ရွက်ရန် တာဝန်ရှိယူထားသူများသည် အချက်အလက်များအပေါ် အခြေခံသော အကဲဖြတ်မှုများ ဆောင်ရွက်သင့်ပါသည်။ ကြော်ငြာများကို လက်ခံဆောင်ရွက်ရာတွင် ဒေသတွင်း စိစစ်ဆုံးဖြတ်ရန် အရေးကြီးသကဲ့သို့ Group မှ ချမှတ်ထားသော ဤကျင့်ဝတ်တွင် ပါဝင်သည့် စည်းကမ်းများနှင့် ရှင်းလင်းသေချာစွာ သတ်မှတ်ထားသော လုပ်ထုံးလုပ်နည်းများကို ကိုးကားကာ ထည့်သွင်းစဉ်းစား ဆုံးဖြတ်ရမည် ဖြစ်ပါသည်။

## ၂.၁. ဒေသတွင်းကြော်ငြာစိစစ်ရေးကော်မတီ (သို့မဟုတ်) အလားတူ လုပ်ထုံးလုပ်နည်းသတ်မှတ်ချက်များ

ဤပြဋ္ဌာန်းချက်နှင့် ကိုက်ညီမှုရှိစေရန် နိုင်ငံအသီးသီးအလိုက် ကုမ္ပဏီမှ တာဝန်ရှိသူများ ပါဝင်သော ဒေသတွင်း ကြော်ငြာစိစစ်ရေး ကော်မတီကို စတင် ဖွဲ့စည်းရမည်ဖြစ်ပြီး အများပြည်သူရေးရာ၊ ဥပဒေကျွမ်းကျင်၊ အရောင်း၊ ဈေးကွက်ရှာဖွေခြင်း၊ ရေရှည် အကျိုးပြုလုပ်ငန်းနှင့် ဌာနဆိုင်ရာ ဆက်ဆံရေး ဌာနများမှ တာဝန်ရှိသူများ ပါဝင်သင့်ပါသည်။ ဒေသတွင်း ကြော်ငြာစိစစ်ရေး ကော်မတီသည် လုပ်ငန်းဆောင်ရွက်ရာတွင် ထိရောက်မှုရှိစေရန်နှင့် အကျိုးဖြစ်ထွန်းစေရန် ရည်ရွယ်၍ အားလုံးနှင့် အကိုက်ညီဆုံး ဖြစ်စေမည့် နည်းလမ်းဖြင့် ဦးစားပေး လုပ်ကိုင်ဆောင်ရွက်သင့်ပါသည်။ ဒေသတွင်း ကြော်ငြာ စိစစ်ရေးကော်မတီသည် ကြော်ငြာကမ်ပိန်းများအားလုံး၏ စိစစ်ထားသည့် မှတ်တမ်းများဖြစ်သည့် ငြင်းပယ်ခြင်း၊ လက်ခံဆောင်ရွက်ခြင်း သို့မဟုတ် ပြင်ဆင်မှုများ ပြုလုပ်စေကာ လက်ခံဆောင်ရွက်ခြင်း အစရှိသည့် အသေးစိတ် အချက်အလက်များကို စနစ်တကျ သိမ်းဆည်းထားရမည် ဖြစ်ပါသည်။ ကော်မတီသည် ၎င်းတို့၏ လုပ်ထုံးလုပ်နည်းများနှင့် ကိုက်ညီအောင် ဆောင်ရွက်ထားရှိမှုများကို ပုံမှန်တင်ပြရန် လိုအပ်ပါသည်။


## ၂.၂ ပါဝင်သည့်အကြောင်းအရာများကို စည်းမျဉ်း၊ ကျင့်ဝတ်များနှင့်ကိုက်ညီမှု ရှိ/မရှိအကဲဖြတ်ခြင်း

ဒေသတွင်း ကြော်ငြာ စိစစ်ရေးကော်မတီသည် မိမိတို့၏ ဈေးကွက်နေရာအလိုက် တားမြစ်ထားသည့်၊ အလွန်ထိခိုက်လွယ်သော အမျိုးအစားများတွင် ပါဝင်သည့် ယမကာ၊ ဆေးလိပ်၊ လောင်းကစား၊ ကလေးသူငယ်များအတွက် မသင့်တော်သော အစားအသောက်၊ ထုတ်ကုန်ပစ္စည်းများ၊ နိုင်ငံရေးနှင့် သက်ဆိုင်သော ကြော်ငြာများနှင့် လူပုဂ္ဂိုလ်များ၏ ပုံရိပ် အစရှိသည်တို့ကို အစဉ်သဖြင့် သတိမူ နားလည်သိရှိရမည်ဖြစ်ပါသည်။ ကြော်ငြာရှင်/မိတ်ဖက်များနှင့် ကြော်ငြာ/ကမ်ပိန်း စာချုပ်မချုပ်ဆိုမီ၊ လက်ခံ ဆောင်ရွက်ခြင်းမပြုမီ ကြော်ငြာပုံစံများကို ထုတ်လုပ်ခြင်းနှင့် တပ်ဆင်ခြင်း မပြုသေးဘဲ သေချာစွာ စိစစ်ကြရမည် ဖြစ်ပါသည်။ အဆိုပါ ကြော်ငြာ ပုံစံများအား သက်ဆိုင်ရာ ဒေသ၏ စည်းမျဉ်းစည်းကမ်းများနှင့် ဤကျင့်ဝတ်တွင် ပြဋ္ဌာန်းထားသော လုပ်ထုံး လုပ်နည်းများနှင့် ကိုက်ညီမှုရှိစေရန် စိစစ်ဆောင်ရွက်ရမည် ဖြစ်ပါသည်။ ကြော်ငြာကမ်ပိန်း တစ်ခုသည် ချမှတ်ထားသော ထိလွယ် ရှလွယ်သည့် အမျိုးအစားထဲတွင် ပါဝင်နေပါက စိစစ်ရေး ကော်မတီအနေဖြင့် အချောသတ် ကြော်ငြာဒီဇိုင်း/ကမ်ပိန်း ဆောင်ရွက်မည့် အဆိုပြုချက် ရရှိမည့်အချိန်ကို သေချာစွာ သတ်မှတ်၍ လုံလောက်သည့် အချိန်ရယူကာ စိစစ်မှုကို ဦးစားပေး ဆောင်ရွက်ရမည် ဖြစ်ပါသည်။ ကော်မတီသည် စိစစ်ရာတွင် ပါဝင်ရမည့် အချက်အလက်များ ဖြစ်သည့် ကြော်ငြာပုံစံ၊ အဆိုပြုပုံစံ၊ ဆက်စပ်ရှင်းလင်းမှု အစရှိသည်များကို သက်ဆိုင်ရာ အရောင်းဌာနမှ အခြားအဖွဲ့ဝင်များထံသို့ စစ်ဆေးမှုပြုနိုင်ရန် စုစည်း တင်ပြရမည် ဖြစ်ပါသည်။

အဆိုပါ စိစစ်မှုမှ အောက်ဖော်ပြပါ ရလာဒ်များ ပေါ်ထွက်လာမည်ဖြစ်ပါသည်။

- အတည်ပြုမှု
- အခြေအနေအလိုက် အတည်ပြုမှု၊ စိစစ်မှု ပြုလုပ်ထားသော ကမ်ပိန်းအား ပြဋ္ဌာန်းခြင်း/ထုတ်ဝေခြင်းများ ဆောင်ရွက်နိုင်ရန် စိစစ်ဆုံးဖြတ်ခြင်းအား အရောင်းဌာနမှ လုပ်ဆောင်ရန်
- ငြင်းပယ်ခြင်း။ ကမ်ပိန်းအား ထုတ်ဝေခြင်း/ပြဋ္ဌာန်းခြင်း ဆက်လက်လုပ်ဆောင်မှုမပြုရန် ဆုံးဖြတ်ချက်အား ဒေသတွင်း အုပ်ချုပ်သူများပါဝင်သော အဖွဲ့မှ အခြေအနေပေါ် သုံးသပ်ဆင်ခြင်၍ ဆုံးဖြတ်ရန်





ကျင့်ဝတ်သိက္ခာပုဒ်
ပြင်ပဆက်သွယ်ရေ

ဇူလိုင်လ 2022 ထုတ်ဝေမှု

JCDecaux